
# Waseda University

Waseda တက္ကသိုလ်ကို ၁၈၈၂ ခုနှစ်တွင် တည်ထောင်သည်။ အထူးပြုဘာသာရပ် ၁၃ ခုနှင့် သုတေသနဌာနပေါင်း (၂၁)ခုဖြင့် ဖွဲ့စည်းထားသော ပုဂ္ဂလိကပိုင်အဆင့်မြင့်တက္ကသိုလ်တစ်ခုဖြစ်သည်။ နိုင်ငံတကာအဆင့်မီပညာရေးစနစ်၊ သုတေသနပြုလုပ်ခြင်းများမှတစ်ဆင့် ကမ္ဘာ့လူမှုဝန်းကျင်အတွက်အကျိုးရှိစေမည့် လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ယခုအချိန်အထိ နိုင်ငံတော်ဝန်ကြီးချုပ်(၇)ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် ဘွဲ့ရကျောင်းသား အယောက်(၆) သိန်းခန့်သည် ကမ္ဘာအနှံ့အပြားတွင် တန်ဖိုးရှိစွာအကျိုးပြုလျက်ရှိပါသည်။ ဂျပန်နိုင်ငံ၏မြို့တော်၊ တိုကျိုမြို့တွင်တည်ရှိသော Waseda Campus အပါအဝင်၊ စုစုပေါင်း Campus (၉) ခုတွင် ကျောင်းသားပေါင်း (၅)သောင်းကျော်ခန့် လာရောက်ပညာသင်ကြားလျက်ရှိပါသည်။ ဂျပန်တွင် နိုင်ငံခြားသားကျောင်းသားအများဆုံးလက်ခံသင်ကြားပေးသည့်တက္ကသိုလ်အဖြစ် ဂုဏ်သတင်းကျော်စောပြီး မြန်မာကျောင်းသား(၁၆)ဦးအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံပေါင်း(၁၀၅)နိုင်ငံမှ နိုင်ငံခြားကျောင်းသား(၅၀၀၀)ကျော်က ပညာလေ့လာလျက်ရှိသော နိုင်ငံတကာအဆင့်မီတက္ကသိုလ်တစ်ခုဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ပညာသင်ကြားကာ ဘွဲ့ဒီဂရီများရယူနိုင်သော သင်ကြားမှုစနစ်များလည်းရှိသည့်အပြင် အထူးပြုဘာသာရပ် (၇) ခုနှင့် သုတေသနဌာနပေါင်း(၁၂)ခုတို့တွင် အင်္ဂလိပ်ဘာသာရပ်တစ်ခုတည်းဖြင့် ဘွဲ့ရယူနိုင်သောစနစ်များလည်းရှိသည်။

Waseda တက္ကသိုလ်တွင် မြန်မာနိုင်ငံသားများအတွက်ရည်ရွယ်ကာ ဤကျောင်း၏ ဘွဲ့လွန်၊ ပါရဂူဘွဲ့ကျောင်းသားများအတွက်ရည်ရွယ်ပြီး အထူးပေးအပ်သော ပညာတော်သင်ဆု AO ဝင်ခွင့်စာမေးပွဲ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်)အား ပေးအပ်လျက်ရှိပါသည်။ ဤစာမေးပွဲတွင် ဖြေဆိုအောင်မြင်သူသည်၊ ကျောင်းစာရိတ်၊ ကျောင်းဝင်ခွင့်ကြေး၊ အထွေထွေစားရိတ်အားလုံးကို ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်အဖြစ် လစဉ် ယန်း ၁ သိန်း ၁ သောင်းကို ပညာတော်သင်ဆုအဖြစ်ပေးအပ်မည်ဖြစ်သည်။ လျှောက် လွှာများနှင့်ဝင်ခွင့်သတ်မှတ်ချက်များကို Waseda တက္ကသိုလ်၏ အောက်ပါ Website များတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

ကျောင်းပညာရေးမှတစ်ဆင့် မြန်မာနိုင်ငံ၊ ထိုမှတစ်ဆင့် တစ်ကမ္ဘာလုံးကိုအကျိုးပြုနိုင်ရန်ရည်ရွယ်ပြီး ကြိုးစားအားထုတ်နေသော ကျောင်းသားများအတွက် Waseda တက္ကသိုလ်သည် အကောင်းမွန်ဆုံးသော ပညာရေးပတ်ဝန်းကျင်ကို ပံ့ပိုးပေးလျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။



(ဆက်သွယ်မေးမြန်းရန် လိပ်စာ)
နိုင်ငံတကာ ဆက်ဆံရေးဌာန၊ Waseda တက္ကသိုလ်
Email: intl-ac@list.waseda.jp https://www.waseda.jp/top/en
TEL: +81-3-3203-7747

ကျောင်းဝင်ခွင့်ဆိုင်ရာ
နိုင်ငံတကာကျောင်းဝင်ခွင့်ဆိုင်ရာဌာန၊ ကျောင်းဝင်ခွင့်စင်တာ၊ Waseda တက္ကသိုလ်
Email: admission@list.waseda.jp TEL: +81-3-3204-9073

AO Admissions Examination of Special Scholarship Programs Exclusively for the Republic of the Union of Myanmar:
Http:web.waseda.jp/admission/en/ssp/myanmar

# Toyo University



Toyo တက္ကသိုလ်သည် ၁၈၈၇ ခုနှစ်တွင် အတွေးအခေါ်ပညာရှင် ပါမောက္ခကြီး Inoue enryou စံက စတင်ထူထောင်လိုက်သော အထွေထွေပညာရပ်ဆိုင်ရာတက္ကသိုလ်ဖြစ်သည်။ ဌာနပေါင်း ၁၃ ခုတွင် ပညာရပ်ပေါင်း ၄၆ ခု ၊ ဘွဲ့လွန်နှင့်ဘွဲ့ကြို ကျောင်းသားဦးရေ ၃၁၅၆၀ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ ကလေးမွေးဖွားမှုနှုန်းကျဆင်းနေသောဂျပန်ပြည်တွင် ၂၀၁၇ ခုနှစ်အတွက် ဤတက္ကသိုလ်သို့ ရည်ရွယ်လျှောက်ထားလာသူကျောင်းသားစာရင်းသည်ဦးရေ ၁၀ သိန်းကျော်လွန်လျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းသားတက်ရောက်လိုမှုအများဆုံး နံပါတ် ၆ အဆင့်တွင် ရပ်တည်နေပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်းတိုးတက်မှုကြောင့် အမျိုးမျိုးသောတန်ဖိုးအမြင်များ ရောယှက်လျက်ရှိသော အခါသမယဝယ် ခေတ်နှင့် ပတ်ဝန်းကျင်ရေစီးကြောင်းအပြောင်းအလဲတွင် မျောပါသွားခြင်းမရှိစေဘဲ ကမ္ဘာ့အမြင်ဖြင့် အရာရာအားဖမ်းဆုပ်ကာ မိမိ၏အနာဂတ်ကို ကိုယ်တိုင်ပုံဖော်ခွင့်ရနိုင်သည့် (Global human resources) ပြုစုပျိုးထောင်မှုသည် လိုအပ်ချက်တစ်ခုဖြစ်နေပါသည်။ ကျွန်တော်များတက္ကသိုလ်သည် ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံပညာရေးဝန်ကြီးဌာနမှ (Super Global Universityများ ဖန်တီးခြင်း နှင့် ထောက်ပံ့ခြင်း)တို့အတွက်တာဝန်ပေးခန့်အပ်ခြင်းခံခဲ့ရပြီး (အတွေးအခေါ်ပညာရေး) (Internationalization) (အသက်မွေးမှုအတွေ့အကြုံပညာရပ် Career education)တို့ကိုမဏ္ဍိုင်ပြုကာ ဘွဲ့ယူခြင်းမှုဘောင်ထက်သာလွန်သော သစ်လွင်သည့်ပညာရေးအခြေခံအုတ်မြစ်ကို ခိုင်မာစေရန် တည်ဆောက်လျက်ရှိသည်။

၂၀၁၇ ခုနှစ် ဧပြီလတွင် အင်္ဂလိပ်ဘာသာဖြင့်ပညာသင်ကြားကာ ဘွဲ့ဒီဂရီများရယူနိုင်သော သင်ကြားမှုအတွက် ဘာသာရပ် ၃ ခုကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ထူးချွန်သောနိုင်ငံခြားသားပညာသင်ကျောင်းသားများအားကျောင်းလခ အလုံးစုံအခမဲ့နှင့် စားဝတ်နေရေးစရိတ် ယန်း ၁ သိန်းခွဲထောက်ပံ့ခြင်းကို ၄ နှစ်ကြာထောက်ပံ့ပေးမည့် စကောလားရှစ် Toyo Top Global Scholarship A ကို စီစဉ်ပေးလျက်ရှိသည်။ လျှောက်လွှာတင်ခြင်း၊ အင်တာဗျူးစာမေးပွဲဖြေဆိုခြင်းများကို အင်တာနက်မှတစ်ဆင့် ပြုလုပ်နိုင်သဖြင့် နိုင်ငံခြားသားပညာသင်ကျောင်းသားများအနေဖြင့် ဂျပန်သို့သွားရောက်ဖြေဆိုရန်မလိုဘဲ အင်တာနက်ရှိရုံမျှဖြင့် ဖြေဆိုနိုင်မည်ဖြစ်သည်။ လျှောက်လွှာတင်ချိန်မှာ တစ်နှစ်အတွင်း ၃ ကြိမ်ရှိပြီး ယခုနှစ်အတွင်း လျှောက်လွှာတင်ရမည့်ရက်များမှာ စက်တင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့အတွင်း၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်အတွင်းဖြစ်သည်။

အသေးစိတ်အချက်အလက်များကို အောက်ပါအင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**Application Guide**

www.toyo.ac.jp/nyushi/admission/requirements/pre-arrival

**English Track Programs and Toyo Top Global Scholarship A**

www.toyo.ac.jp/site/english-dp/scholarships.html

Toyo တက္ကသိုလ်သည် ဩဂုတ်လ ၂၆ ရက် (စနေ)နေ့တွင် ရန်ကုန်၌ကျင်းပမည့် ဂျပန်ပညာရေးပြပွဲ Japan Education Fair တွင် ဝင်ရောက်ရှင်းလင်းပြသသွားမည်ဖြစ်သောကြောင့် မလွဲမသွေလာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

# ဂျပန်ကုမ္ပဏီတွေကလိုချင်တဲ့ ဝန်ထမ်းဆိုတာ . . .

Yangon Press စာစောင်တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လထုတ်မှစတင်၍ ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်ခြင်းနှင့်စပ်လျဉ်းပြီး ရေးသားဖော်ပြလာခဲ့ပါသည်။ ယခုလအတွက် 'ဂျပန်ကုမ္ပဏီများကလိုချင်သော ဝန်ထမ်း'နှင့်ပတ်သက်၍ ရှင်းလင်းရေးသားသွားပါမည်။

၆ လပိုင်းထုတ် Yangon Press စာစောင်တွင် ၂၀၁၆ ခုနှစ်တွင် ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်ခန့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ပြီးဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။ ကုမ္ပဏီအသီးသီးမှလိုချင်သောဝန်ထမ်းမှာ ကွဲပြားသော်လည်း ယေဘူယျအားဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်လာခဲ့ပြီးသော ဂျပန်ကုမ္ပဏီများက ဘယ်လိုဝန်ထမ်းများကိုရှာဖွေနေပါသလဲ။

ယမန်နှစ်က မြန်မာနိုင်ငံရှိဂျပန်ကုမ္ပဏီများ၏ အလုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်ခဲ့ချိန်တွင် 'ဘယ်လိုဝန်ထမ်းများကိုရှာဖွေနေပါသလဲ'ဟု အားလုံးကိုမေးမြန်းခဲ့ပါသည်။ အများဆုံးဖြေဆိုခဲ့သောအဖြေမှာ 'အလုပ်အမှုဆောင်ကိုယ်စားလှယ်များ'ဟု ဖြေဆိုခဲ့ကြပါသည်။ တစ်နည်းအားဖြင့် ဂျပန်ကုမ္ပဏီများ၏ ဓလေ့ထုံးစံများကိုနားလည်ပြီး ရုံးခန်းနှင့် စက်ရုံတွင် စီမံခန့်ခွဲနိုင်သောဝန်ထမ်းများကို လိုချင်ကြခြင်းဖြစ်ပါသည်။

ဒုတိယအများဆုံးဖြေဆိုခဲ့သောအဖြေမှာ 'အင်ဂျင်နီယာနှင့် ကျွမ်းကျင်ပညာရှင်များ'ဟု ဖြေဆိုခဲ့ကြသည်။ ဂျပန်ကုမ္ပဏီများသည် နည်းပညာရှင်၊ အတတ်ပညာရှင်များကို လိုအပ်နေပါသည်။ ရုံးဝန်ထမ်း၊ အရောင်းဝန်ထမ်းမဟုတ်သော အတတ်ပညာတစ်ခုခုတတ်ကျွမ်းသော အတတ်ပညာရှင်များကို လိုချင်ကြပါသည်။